**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း ၊ နေပြည်တော်**

## (၃၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပခြင်း ကြေညာချက်

၁။ ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူရေးပညာဘွဲ့၊ တိရစ္ဆာန်ဆေးပညာဘွဲ့၊ မွေးမြူရေးပညာမဟာဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများ အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

၂။

| **ပေးအပ်မည့်ဘွဲ့** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|
| ပါရဂူဘွဲ့<br>တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့<br>မွေးမြူရေးပညာမဟာဘွဲ့<br>တိရစ္ဆာန်ဆေးပညာဘွဲ့<br>မွေးမြူရေးပညာဘွဲ့ | ၆-၁၂-၂၀၂၅ ရက်<br>(စနေနေ့)<br>မွန်းလွဲ(၂း၀၀)နာရီ | ၇-၁၂-၂၀၂၅ ရက်<br>(တနင်္ဂနွေနေ့)<br>နံနက်(၈း၀၀)နာရီ |

၃။ ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
(တက်ရောက်လျှောက်ထားသူများအားလုံး)
ဘွဲ့နှင်းသဘင်ကြေး - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(အဝေးရောက်လျှောက်ထားသူများအားလုံး)
လျှောက်လွှာပိတ်ရက် - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်
(လျှောက်ထားသူများအားလုံး) (သောကြာနေ့)

မှတ်ချက်။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်။
(၂) ၁ ၁/၂ " x ၂ " အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ ပူးတွဲ လျှောက်ထားရန်။
(၃) ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် အဆိုပါ ဘွဲ့လက်မှတ်မိတ္တူ ပူးတွဲလျှောက်ထားရန်။
(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလာသည့် အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။

(၆) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။ **မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။**

(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာများကို (၄-၁၂-၂၀၂၅)ရက်မှစတင်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

(၈) ဘွဲ့လျှောက်လွှာများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ကြောင်းနှင့် လျှောက်လွှာကို ကိုယ်တိုင် (သို့မဟုတ်) သင်တန်းရေးရာဌာန၊ Email လိပ်စာ stdaffair.uvs@gmail.com သို့ လျှောက်ထားတင်သွင်းနိုင်ပါသည်။

(၉) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ အပ်နှင်းမည့် တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်း လျှောက်ထားရပါမည်။

(၁၀) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် မွေးမြူရေးပညာဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အပ်နှင်းမည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်း လျှောက်ထားရပါမည်။

ဘွဲ့နှင်းသဘင်ကျင်းပရေးဗဟိုကော်မတီ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်